စည်းကမ်းချက်များမှ အတိအလင်း ခွင့်ပြုမထားသော မည်သည့်ရည်ရွယ်ချက်အတွက်မဆို အကြောင်းအရာအား အသုံးပြုခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

3. ပရိုမိုးရှင်းကာလ

ပရိုမိုးရှင်းကာလမှာ ၂၀၂၆ခုနှစ်၊ မတ်လ (၂) ရက်နေ့မှ နောက်ထပ် ထပ်မံမကြေငြာခင်အချိန်အထိ **(“ပရိုမိုးရှင်းကာလ”)**

## 4. ပါဝင်နိုင်သူများ

4.1 ဤပရိုမိုးရှင်းသည် GSM/ WCDMA ဖုန်း prepaid စနစ် (ဆွေသဟာ) ဖြင့် လက်ရှိအသုံးပြုသူများအတွက် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

4.2 MPT Postpaid, CDMA, Base Tariff နှင့် လက်ရှိအသုံးပြုခြင်းမရှိသူများ ပါဝင်နိုင်မည်မဟုတ်ပါ။

## 5. ပရိုမိုးရှင်းအစီအစဉ်

5.1 “MPT နဲ့ဆိုရင် နေ့ရက်တိုင်းဟာ ထူးခြားတဲ့ နေ့ရက်တွေပါ” ဆိုသည့်အတိုင်း သုံးစွဲသူများအတွက် သတ်မှတ်ထားသည့် အမျိုးအစားအလိုက် အထူးခံစားခွင့်များကို MPT Daily Flash Promotion နှင့်အတူ နေ့စဉ်ရယူနိုင်ပါသည်။

| နေ့ရက် | ပရိုမိုးရှင်း အမျိုးအစား | ရယူပုံ | နည်းလမ်းများ |
|---|---|---|---|
| **တနင်္လာ** | **ငွေဖြည့်သွင်းခြင်း** | *5555# ကို အခမဲ့ခေါ်ဆို စာရင်းသွင်းပြီး ၁,၀၀၀ ကျပ်နှင့်အထက်ငွေဖြည့်တိုင်း ၁၀၀% ပြန်အမ်းငွေ ရယူပါ။ | ကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ငွေဖြည့်သွင်းနိုင် |
| **အင်္ဂါ** | **ဒေတာပက်ကေ့ချ်** | ၁,၀၀၀ ကျပ်အထက် ကြိုက်နှစ်သစ်ရာ Data Carry ပက်ကေ့ချ်ဝယ်ယူပြီး ၁၀၀% ပြန်အမ်းငွေ ရယူပါ။ | ကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ဝယ်ယူနိုင် |

| | | | |
|---|---|---|---|
| **ဗုဒ္ဓဟူး** | **ဖုန်းပြော နှင့် ထောဘီ ပက်ကေ့ချ်** | ၁,၀၀၀ ကျပ်အထက် ဖုန်းပြောပက်ကေ့ချ်များ (ကြိုက်ရာခေါ်၊ အကြိုက်ပြော၊ ထောဘီ ၅ ဆ၊ ထောဘီ ၁၀ ဆ) ဝယ်ယူပြီး ၁၀၀% ပြန်အမ်းငွေ ရယူပါ။ | ကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ဝယ်ယူနိုင် |
| **ကြာသပတေး** | **အထူးကမ်းလှမ်းမှု** | Special Offer ပက်ကေ့ချ်ဝယ်ယူပြီး အထူးခံစားခွင့်များ ရယူပါ။ | • USSD- *555#<br>• MPT4U App |
| **သောကြာ** | **ဖျော်ဖြေရေး/ ဂိမ်း ပက်ကေ့ချ်များ** | ၉၉ ကျပ်အထက်ဖျော်ဖြေရေးနှင့် ဂိမ်းပက်ကေ့ချ်များ ဝယ်ယူပြီး ၁၀၀% ပြန်အမ်းငွေ ရယူပါ။ | ကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ဝယ်ယူနိုင် |
| **စနေ** | **စိတ်ကြိုက်ဖန်တီးနိုင်သော DIY ပက်ကေ့ချ်များ** | ၁,၀၀၀ ကျပ်အထက် DIY ပက်ကေ့ချ် (သုံးစွဲသူများ လိုချင်သော ပမာဏအလိုက် မိမိတို့ စိတ်ကြိုက် ရွေးချယ်ဖန်တီးနိုင်သော ပက်ကေ့ချ်) ဝယ်ယူပြီး ၁၀၀% ပြန်အမ်းငွေ ရယူပါ။ (ဖျော်ဖြေရေးနှင့် ဂိမ်းပက်ကေ့ချ်များ မပါဝင်ပါ) | MPT4U App |
| **တနင်္ဂနွေ** | **ထိပေါက်** | MPT4U App သို့ဝင်ရောက်ခြင်းဖြင့် ထိပေါက်ကစားခွင့် (၁) ကြိမ် ရရှိမည် ဖြစ်ပြီး ထိပေါက် ကစားခြင်းဖြင့် တယ်လီကွန်းဆုလက်ဆောင်များ ရယူပါ။ | MPT4U App |

5.2 Daily Flash ပရိုမိုးရှင်းအား ကန့်သတ်ချက်မရှိဘဲ မိမိစိတ်ကြိုက်ရက်တွင် ပါဝင်နိုင်ပါသည်။

5.3 တနင်္လာနေ့ ဖုန်းငွေဖြည့် ပရိုမိုးရှင်း အတွက်သာ စာရင်းသွင်းရန်လိုအပ်ပါသည်။ တခြားနေ့ ပက်ကေ့ချ် ပရိုမိုးရှင်းများတွင် မလိုအပ်ပါ။

5.4 ပြန်အမ်းငွေကို ဒေတာ၊ MPT ဖုန်းများသို့ခေါ်ဆိုရန်/ စာတိုပို့ရန်အတွက် သုံးသလောက်ပေးနှုန်းထားဖြင့် (၅) ရက်ကြာ အသုံးပြုနိုင်ပါသည်။

5.5 ပြန်အမ်းငွေကို အကြိမ်များစွာ ဖုန်းငွေဖြည့်ခြင်း၊ ပက်ကေ့ချ်ဝယ်ယူခြင်းဖြင့် အကြိမ်များစွာ ရရှိခံစားနိုင်ပြီး လက်ဆောင်ကို နောက်ဆုံးသက်တမ်းအထိ ပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်သည်။

## 6. **ကန့်သတ်ချက်များ**

6.1 တနင်္ဂနွေနေ့ တစ်ရက်လျှင် ထိပေါက်ကစားခွင့် ကို တစ်ကြိမ်သာ ရရှိနိုင်ပါသည်။ နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် ထပ်မံရရှိနိုင်ပါသည်။

6.2 စာရင်းပေးသွင်းခြင်းဖြင့် (*5555# နှင့် MPT4U) MPT Club ပွိုင့် မရရှိနိုင်ပါ။

6.3 အခြားသူသို့ ငွေလွှဲပြောင်း၍ ဖုန်းငွေဖြည့်သွင်းခြင်း (Balance Transfer) ဖြင့် အကျိုးခံစားခွင့် မရရှိနိုင်ပါ။

6.4 အခြားသူသို့ ဖုန်းငွေဖြည့်ပေးခြင်းဖြင့် ဖုန်းဘေလ်လက်ခံရရှိသော ဖုန်းနံပါတ်သည် အကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။ (ဖုန်းဘေလ် လက်ခံ ရရှိသော ဖုန်းနံပါတ်သည် *5555# ကိုခေါ်ဆို၍ (သို့) MPT4U မှတစ်ဆင့် စာရင်းသွင်းထားသူဖြစ်ရပါမည်။)

## 7. ကောက်ခံမှုများ

7.1 သင်၏ အကြောင်းအရာ ရှာဖွေသုံးစွဲခြင်း၊ ဒေါင်းလုတ်ပြုခြင်းများအတွက် ကောက်ခံမှုများကျသင့်မည်ဖြစ်သည်။ ကောက်ခံမှုများအားလုံးတွင် အင်တာနက်ဒေတာအသုံးပြုမှု မှလွဲ၍ ၅% ကုန်သွယ်လုပ်ငန်းခွန် ပါဝင်ကောက်ခံမည်ဖြစ်ပြီး အင်တာနက်ဒေတာ အသုံးပြုမှုအပေါ်တွင် ၁၅% ကုန်သွယ်လုပ်ငန်းခွန် ပါဝင်ကောက်ခံမည်ကို သတိပြုပါ။

